

TWO CATS PUBLICATION
ကြောင်နှစ်ကောင်ဘမေ
ပန်းချီ
မြင့်အိုတူး
စီစဉ်သူ
ဆောင်မျိုး
ဝတ္ထု
ကြည်ဝင်းမြို့



တိဗက်ပြည်တစ်နေရာ
၁၉၄၃ ခုနှစ်..
လိမ်ကျစ်ထားသော ဖြောင့်
ညီကြိုးတစ်ချောင်းသည်
တောင့်မှန်ကျနေသော အခြား
ကြိုးတစ်ချောင်းကို ကျစ်
လစ်စွာ တင်းခံပြီး ဖမ်းဆုပ်
ထား၏..
စွမ်းအားညီမျှစွာ ဖွဲ့စည်းထားသော
ထိုဘောင်လေးထဲ တွဲလောင်းကျနေ
သော ပိုးတုံးလုံးအိမ်ကလေးလှုပ်ခါ
နေသည်လေ..တစ်မျှင်တည်းသော
ပိုးကြိုးလေးသည် ပိုးအိမ်လေးကို
ချိတ်ဆွဲကယ်မထားနေ၏.. ထိုစဉ်
ပိုးအိမ်လေး ပွင့်ပြီး ဟ လာသည်..


ထို့နောက် အက်ကြောင်းတွေ ရှည်လျားလာပြီး အဝါလေး ပိုးအိမ်တွင်းမှ လွတ်ကျွတ်ထွက် လာပြီ..
တွဲလောင်းချိတ်နေရာမှ အဝါပါးလေးတွေဘေးသို့ ဖြန့်ကားလာ တဖျတ်ဖျတ်ခတ်ပြီး ပိုးအိမ်လေးဆီက ခွဲထွက်ပြီ..ဟော..ကျစ်လစ်နေတဲ့ ကြိုးတွေ သွယ်လို့..
ကြိုးပေါ်မှာ..
ခင်းကြီးနှစ်ပါး သိုင်းကစားနေသည့်..အတွင်းအား အပြည့် မြေအားအပြည့် နှင့်လေ..
လိပ်ပြာလေးအမြင့်သို့ ထိုးတက်ပြီး လောကကြီးကို ငုံ့ကြည့်လိုက်တော့..


ကြိုးပေါ်တက်ရပ်နေသော
သူတော်စင် ခင်ကြီးနှစ်ပါး..
အင်နှင့်အားနှင့်တုတ်သိုင်း
ကစားနေသည့် မြင်ကွင်း..
ကြိုးတံတားကြမ်းပေါ်ကြိုး
တန်းနှစ်ဖက်ပေါ်
(အရေးပေါ်က) ကြိုးတန်း
တစ်ဖက်တည်းပေါ် မတ်တတ်
ဖို့နင်းရင်း ယောကျ်ားကောင်း
ခင်ကြီးနှစ်ပါး လေ့ကျင့်
နေကြခြင်း..
အောက်မှာက သေတွင်း..
ချောက်ကမ်းပါးက မြင့်
လွန်း၏..


လောကကိုစူးစမ်းစ လိပ်ပြာလေးခင်ကြီးနှစ်ပါးကို သူ့လို လိပ်ပြာတစ်မျိုးဟု ထင်ကိုးလောက်သည်..
ကြည့်စမ်းပေါ့ပါး နေကြပုံများ...
တစ်ပါးက လွှန့်ပုလိုလှည့်အာ ထိုး တစ်ပါးက ရှောင်သည်.. တုတ်ကောရှည်ပါ ကျွမ်းပြန် ကြီး...


ဂံတားအခင်းကို ကျော်၍ လေထဲတက်သွားပြီး ကြိုးတန်းပေါ် ခြေစုံရပ်ပြန်ကျသည်..
ချောင်းကြည့်နေသောကိုရင်လေး မျက်လုံးပြူးသွား၏..
ကြိုးပေါ်ခုန်တက်လာသော နောက်တစ်ပါးကို မြင်တော့..
အလို..ဆရာတော်ဘုရားကိုယ်တိုင်ပါကလား..
ဟုတ်ပြီ..ခင်ကြီးရာမာဖုံကို နောက်ဆုံးတာမေးပွဲစစ်နေတာလို့ ကိုရင်အာစိန္တပြောတာ မှန်နေပြီ..


ဆရာတော်ကခြေထောက်ကို ကျုံ့သိမ်းတော့ ကျွမ်းနှင့်ရှောင်ပြီး ကြိုးပေါ်ပြန်ကျ၏..
နောက်တစ်ချက်ဆက်တိုက် ဝင်လာမည်ကို သိနေသဖြင့် ကြိုးကိုဆတ်ခနဲ ကန်ပြီး ကြမ်းခင်းပေါ် ရှောင်ပြေးပေးလိုက်သည်..
ဦးခန့်အပြေး ဆရာတော်က လည်း တုတ်ရှိန်သားရောကို လိုသလိုပြောင်းကိုယ်ကိုလွှဲပြီး ဝှစ်ခနဲ လိုက်လာပါတော့သည်..
မထိလိုက်..


သည့်တစ်ခါ သူ့အရှည့်လေ.. ဆရာတော်ကြိုးပေါ်ခုတ်တက် ၍ ပြေးတော့သည်..
ကြိုးအညွှတ်အပြောင်းထဲ လိုသလို ဝင်ညွှတ်ပြောင်း ပြီး တစ်ဟုန်ထိုး သူ့လိုက် ပြီ..
ဆရာတော်ကလည်း ခုန် ၍ ပြန်လှည့်အရိုက်ဒွ ဖြင့် တု့ရိုက်သလို ဖြစ်သွား သည်..
ဓုစ်ခန့် တစ်ယောက် တုတ်တစ်ယောက်ဆုပ် ကိုင်ရင်း...
၈


ဘယ်ညာအလိမ်ခွ ဂူးခန့် လည်ပြီး တုတ်ကောရှူ ပါ..
အပေါ်ကိုမြောက်ပါ သွားကြသည်..
တုတ်တွေအတူတူပင် ဖတ်ခနဲ ဆုတ်လျှက်သား ပြန်ကျလာ သည်.. တုတ်တွေရင်ဝကိုယ်စီ ထောက်လျှက်သား..
တုတ်တွေ တဂျွတ် ဂျွတ်မြည်ကာ ခုံး ညွှတ်လာသည်..
ရာမာဖုံက တုတ်ကိုလှန်တင် ပေးလိုက်၍ ဆရာတော်ပက် လက်လန်သွား၏..ကြမ်းခင်း နှင့် ရိုက်ကာနီးမှ ကျွခန့် ရပ်..



အပြားလိုက်ပင် ပြန်မတ်လာသည်..
ရာမာဖုံအနည်းငယ်ဖြုံ့သွားသော်
လည်း ခိုင်မှဆိုသောစိတ်နှင့်အဆုံး
သတ်ဖြတ်ရိုက်လိုက်ရသည်..
ဆရာတော်..
ထိန်းမရသော ဟန်ချက်က
ချောက်ထဲကို ချော်စေပြီ..
အကျနှင့်မော့ကြည့်လိုက်
သော ဆရာတော့်မြင်ကွင်း
ထဲ ရာမာဖုံ၏ ရိုက်အားပါ
သောတုတ်ကမိုးကျလာ၏..


တုတ်ကို ဆရာတော် ဆွဲ၍ တက်လာသည်..
မင်းအောင်တယ်.. ရာမာဖုံ့ပါက်ကောင်း တယ် ဒါပဲ..
နောက်ဆုံးကျတော့ သာသနာ့ရောင်ခြည်ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးရဲ့ သင်္ကေတဖြစ်လာမှာပါ..
လူသားထုကြီးရဲ့ ဂုဏ်သိက္ခာ အဖြစ် လူတိုင်းမြတ်နိုးစွာလိုက်နာ ကြရမယ်.. လူ့ပြဋ္ဌာန်းချက် ဖြစ်လာ မှာပါ..ဒါဟာသာသနာ့ရောင်ခြည်...


ရာမာဖုံ မင်းနဲ့ငါစတွေ့တုန်းက မင်းဟာ အလွန်ဆိုးတဲ့ စည်းမဲ့ကမ်းမဲ့ လေးပဲ..ငါတသက်မင်းလောက် ဆိုးတာ မင်းလောက်လည်တာ လျင်တာ တွေ့ကိုမတွေ့ဖူးခဲ့တာ..
ခုတော့ မင်းဘဝဟာ အပြောင်းလဲကြီးပြောင်း လဲခဲ့ပြီ ရာမာဖုံ..
ငါ့ရဲ့ ဂုဏ်သိက္ခာအားလုံး မင်းပခုံးပေါ် လွှဲပြောင်းပေး လိုက်ပြီ.. မင်းရဲ့ဂုဏ်သိက္ခာ အမွေကိုဆက်ထိန်းနိုင်ပြီ..မင်း စမ်းရည်နဲ့ သာသနာ့တာဝန်ကို ဆက်ထမ်းနိုင်ပြီ..
၁၂



အခုမင်းလက်ကိုအပ်မယ်.. ရှေ့ကျုပ်တော်ဟာ တို့သာသနာရဲ့ အနှစ်ချုပ် ပိဋကတ်သုံးပုံနဲ့အတူ စွမ်းအင်တန်ခိုးတော်တွေ ထူးခြားစွာ ကိန်းဝပ်ရာ ဗုဒ္ဓအမွေအစစ်တွေပဲ..ဂမ္ဘီရဆန်တဲ့သူဟာစက်ခလုပ်သော့တစ်လုံးလည်းဖြစ်တယ်..
အံ့ဖွယ်တန်ခိုးတွေ ကိန်းဝပ်ရာလည်းဖြစ်တယ်.. မင်းဟာအဲ့ဒီတန်ခိုးကူးရှက်ပြီး ရန်သူတစ်မကြီးကိုတောင် တစ်ယောက်တည်းတိုက်နိုင်ပေလိမ့်မယ်..
သူ ဖွန်းခန် ကြက်သီးထရင်း ဆရာတော် ခေါ်ဆောင်ရာနောက်လိုက်ခဲ့သည်..


ခင်ကြီးဖုံရဲ့ ရှေ့ရေးမှာ စစ်ပွဲတွေအားလုံး နိုင်မှာပါ.. အဖော်ကောင်းလည်းတွေ့မှာပါ..အဲ.. လောကီထဲမှာမရှိ ရှိနေတဲ့ အချစ်ပွဲလည်း တွေ့ရမယ်..
ညီဘွားတစ်ယောက်ကိုလည်း ကောက်ရပါလိမ့်မယ်..မိသားစုဆိုတဲ့ စိတ်အရသာတစ်ခုကိုလည်း နွေးထွေးစွာ ကြုံဆုံရပါလိမ့်မယ်..
အသက်နဲ့လဲ ကာကွယ်ပါ့မယ် ဘုရား..
သာမန်လူဟောနေတာ မဟုတ် ရှေ့ဖြစ်ဟောခဲ့သော ဆရာတော်ဘုရား၏ ဟောချက်ဖြစ်ပါသည်..
ကဲ..မင်းလက်နဲ့ လက်ခံမယ့် ရွှေကျုပ် တော်ခန်း သွားမယ်..


ဆရာတော်က ပါစ မြင်ဖူးကတည်းက ဒီရုပ် ပါ.ပါအိုပြီတဲ့..
အဲ့ဒီ ရွှေကျုတ်တော်ကို ဖွင့်တဲ့ကီးကတော့ သားတော် တစ်ယောက်သာသိတဲ့ ဂါထာ တစ်ပုဒ် ပဲ.ဆရာတော်နှစ်ပေါင်း ခြောက်ဆယ်လက်လွှဲထိန်းသိမ်း လာတာ..အခုမင်းလက်ထဲအား လုံး လွှဲမယ်.. ပါအိုပြီကွ..
သာသနာကို ကမ္ဘာကို ကာကွယ်ဖို့ တန်ခိုးတော် တွေနဲ့အတူ မျိုးဆက်သစ် မင်းကို ဒီညအပ်မယ်..
တစ်ခါမှ မဖွင့်ဖူးသော သံမဏိကျောင်းတံခါးကြီး တစ်ချပ် ပွင့်သွားသည်..


အဲ့ဒီရွှေကျုပ်ကို
မင်းနှစ်ခြောက်ဆယ်
တာဝန်ယူရမယ်..
အဲ့ဒီ တန်ခိုးတော်ဟာ လူသားနဲ့
မတန်လောက်အောင်ကို အစွမ်းထက်
နေတယ်..လူသား ဟာ အဲ့ဒီပါဝါကို
လက်ခံဖို့ အဆင်သင့်မဖြစ်သေးဘူး.
လူဟာ ပါဝါကို တလွဲတွေသုံးတတ်တဲ့
ဉာဉ်အပြည့်ရှိတယ်..
မြေအောက်ခန်းမသည်
အံ့ဖွယ်ခန့်ထည်နေ၏..
ပါဝါက သောဘကို
အတောမသတ်နိုင်ဖြစ်
ကရော..ဖြစ်နိုင်တာ
ကို ပြောတာပါ..


စေတန်တွေလက်ထဲရောက် မသွားဖို့ လိုသလောက်စွမ်း အင်သုံးပြီး မင်းကာကွယ် ရလိမ့်မယ် ခင်ကြီး..
နှစ်ပေါင်း (၆၀) မင်းတာဝန်..
ဆရာတော်က ကျောက် ကျောင်းဆောင်ထဲမှ ရွှေကျုတ်တော်ကို ပင့် ယူလိုက်၏..
ဝေ့ခနဲ လေအေး တစ်ချက်ငြိမ်နေ့ လျက်က တိုက်ခတ် သွား...ကြက်သီး ဖြန်းခနဲ ထသွား...
စီးခနဲ နင်ခနဲ ရွှေကျုတ် တော် သူ့လက်ပေါ်ကျလာ..
ဘုန်းတော်ကြီးက ဖမ်း ဆုပ်လိုက်သည်နှင့် စီးခနဲ နင့်ခနဲလေ..
၁၇


သူ့ရင်ထဲသို့ တစုံတရာ ပူးဝင်ဖြတ်ပြေးသွား သလို ခံစားလိုက်ရ၏..
တစ်ပြိုင်နက်၌ အရာရာ သည် ခဏတာအေးချမ်း ငြိမ်သက်သွားလေ၏..
ဆီမီးခွက်တွေ တန်ခိုးတော်က ပုတ်ခတ်သည့်ထင့် ယိမ်းထိုး သွားကြသည်..
ဆရာတော်ကို ဦးချနေ စဉ်မှာတော့ ဆရာတော့် ညာလက်က သူ့ဦးခေါင်း ကို ဆန့်တန်းလိုက်သည်..
ရှူးခနဲ လေပြေဟပ်သွား၏.. ထို့နောက်..


ရွှေရောင်ခန်းမကြီးထဲ အလင်းပြာပြာတွေ တဝင်းဝင်းဆင်းသက်လာနေသည့်..
ဝင်လာသည့် အပေါက်က ခန်းမကြီး၏ ရှေ့မမျက်နှာချက် ဖန်ပေါင်းချောင်ကြီးမှ..
တဝင်းဝင်း တရှိန်းရှိန်းအပြာရောင်တွေ ကွေ့ပိုက်ဆင်းသက်လာနေသည်လေ..


ကျောင်းတော်ပြင်ပတွင်လည်း ချက်ချင်းပင် မိုးသားတိမ်လိပ်တွေ လွင့်ရှားပြေးသွားလာပြီး လေပွေတွေ တိုက်လာသဖြင့်..
သာမဏေခင်ကြီး အပေါင်း နဖူးနှင့် မြေထိကာစ၍ တန်ခိုးတော်ကို ပူဇော်ကြတော့သည်..
တံခါးကြားမှ ဘုန်းတော်ကြီးနှစ်ပါး အမွေ့လွဲနေပုံသည် မှန်ပြောင်းတစ်ခုထဲ ဝင်လာ၏..
အာဂတာပါဝါ အပြည့်ရှိသော မိမိကိုယ်မိမိယုံကြည်သည့် မျက်နှာတစ်ခုက မှန်ပြောင်းကြည့်ရင်း အံ့သြနေသည်..


သူရှာနေသော နေရာကို ရောက်ပြီ.. သူလိုချင်သော ရွှေကျုတ်တော်က တန်ခိုးတွေပြနေပြီ..
အမွှေလှည့်ပေးချိန်၌ ခေါင်းလောင်းအလုံးတွေ သူ့ဟာသူ တဗီဗီလည်နေသလို ဖယောင်းတိုင်တွေအလိုလို မီးညွန့်ယိမ်းနွဲ့နေသည်..
ရာမာဖုံ၏ ခေါင်းကိုကိုင်ထားသော ဆရာတော်၏လက်မှ ပါဝါတွေ ရာမာဖုံ့ယပ်ထိပ်မှ စီးဝင်နေသည်..


ချောင်းကြည့်နေသော ကိုရင်လေး တအံ့တသြ
ဆရာတော်၏လက်ကား ကြည့်နေရင်းမှာပင် အရေပြားတွေ တွန့်၍ အရိုးပြိုင်းပြိုင်း ဖြစ်လာသည်လေ..
အားလုံး ပြည့်စုံသွားပြီ သားတော်..
ဆရာတော်အသံ တုန်ယင်နေ၍ သူမော့ကြည့်လိုက်သောအခါ နှစ်(၆၀)စာအိုမင်းသွား ကြောင်း အံ့ဖွယ်တွေ့လိုက်ရသည်..
လာမယ့်နှစ်ပေါင်း (၆၀) ဟာ သားတော်အတွက် အင်မတန် စိတ်ဝင်စားဖွယ်ရာတွေနဲ့ ပြည့်နှက်နေပါလိမ့်မယ် သားတော်..


ဆရာတော်နှင့်သူ့ ကျောင်းပြင်ပ
သို့ တံခါးကြီးမှ အထွက်..
ဆရာတော် တစ်ခုမှာချင်
တာက ဒီရွှေကျုတ်တော်ရဲ့ စွမ်း
အင်ကို (၁၉၀၄) ခုနှစ်မှာမြင်ဖူး
သွားတဲ့ ဂျမန်ထောက်လှမ်းရေး
စစ်ဗိုလ်တစ်ယောက်ရှိနေခဲ့တယ်..
သူဟာအဓိကအန္တရာယ်..
ပြောလို့ပင်မဆုံးသေး
ဆရာတော်၏ ခန္ဓာကိုယ်
မှ ဖေါက်ခနဲ အသံမြည်
သွားပြီး ဆရာတော်
နောက်လန်ကျသွားခဲ့ပြီ..


ရာမာဖုံ ဆရာတော်ကို
အလိုက်သင့် ဖမ်းပွေ့ရင်း
ကျောင်းထဲသွင်းရပြီ..
သေနတ်သံတွေ ပိုဆူလာသည်..
တိတ်ဆိတ်သော ကျောင်းတော်
အတွင်း ချက်ချင်း ဈထပွက်
သလို..
ကိုရှင်လေးက
ကျောင်းတံခါး
ပြေးပိတ်သည်..


ရှေကျူဟ်တော်
ကို ကာကွယ်ပါ
ချစ်သား..
ဆရာတော်၏နောက်ဆုံး
စကားပင် ဖြစ်ပါသည်..
ကျောင်းပရဝုဏ်တွင်း
မှာ မြင်မကောင်းတော့..


ခင်ကြီးပို့တစ်သိုက် ရန်သူ့ဂျာမကီပြောင်းဝ တွေကို ရင်ဘတ်နှင့်တား သည်..
အမိန့်နာခံလှသော ဂျာမန် တွေနှင့် ဘုရားသားတော် တွေ ထိပ်တိုက်တွေ့ကြပြီ..
ကျောင်းတော်တွင်းမှာတော့ ရာမာဖုံသည် ဆရာတော်ကို နေရာ၌ပင် ခေတ္တစံပယ်ထား ပြီး ကိုရင်လေးအား..
ကိုရင်လေး သွားပုန်းနေ..ထွက် ကိုမလာနဲ့..


မတန်မရာ သာသနာ့စည်တော်အဖွဲ့သုံး မဟာနှဲတော်ကြီးကို ဂျာမန်ဗိုလ်ချုပ်က ကောက်မှုတ်သည်..
ခင်ကြီးပျိုတစ်စုနှင့် ဂျာမန်တွေ အားပြိုင် ရင်ဆိုင်တွန်းနေ၏.. ဂျာပန်ဗိုလ်ချုပ်ကြီးကို အသာချလိုက်ကာ..
နောင်တော် ညီတော် ခင်ကြီးတို့ ကျွန်ုပ်တို့ကအား သာနေတယ်.. အားမပြိုင်နဲ့.. နေသာသလိုနေကြပါ..


ကျွန်ုပ်ရဲ့နှုတ်ထွက်စကား လေးနှစ်လုံးနဲ့တင် သင်တို့ ပြုံလဲသွားလိမ့်မယ်..ဖယ်..
ကျောင်းတော်တွင်းမှာတော့ ရွှေကျုတ်တော်ကို စလွယ်အိတ် ထဲထည့်၍ ဆရာတော်ကို ရာမာဖုံ နှောက်ဆုံးဂါရဝပြုနေပြီ..
ဆရာတော် တာဝန် ကျေခဲ့သလို တပည့်တော် ကျေရပါစေမယ်ဘုရား..


ကဲ..ဖယ်မလား မဖယ်ဘူးလား ပြော..
ခင်းကြီးပျိုတို့ ကျောင်းတံခါးမ ကြီးကို ကျောပေးကာ တုတ်တုတ်မျှမလှုပ်ကြ..
ကောင်းပြီလေ..
သူစစ်သားတန်နောက်ကို လျှောက်သွားသည်..ပြီးမှ..
ဗိုင်းယားဟု အော်ကာ နားနှစ်ဖက်ကို လက်ချောင်းနှင့်ပိတ် မျက်လုံးမှိတ်၏..
၂၉


ရာမာဖုံ ထိုမြင်ကွင်းကို မကြည့်ရက်သဖြင့် မကြည့်ဘဲ မျက်စိမှိတ်၍ တိုင်ကွယ်သို့ ကပ်လိုက်၏..
ကဲ..ရွှေကျုတ်တော် ရှုကြစမ်း..
ကျောင်းတံခါးမကြီး သစ်သားစတွေ မှ ထွက်လာသည်..